# Burmese Democratic Futures Working Group – BDFWG

# University of Virginia

## Weekly Summary (October 15 - 21, 2024)

## အောက်တိုဘာလ တတိယအပတ်အတွင်း အရပ်သား ထိခိုက် / သေဆုံး / ဆုံးရှုံးမှုများ

- မြန်မာနိုင်ငံ အနှံ့အပြားတွင် အောက်တိုဘာလ တတိယအပတ်အတွင်း စစ်ကောင်စီတပ်၏ လေကြောင်းနှင့် လက်နက်ကြီး ပစ်ခတ်တိုက်ခိုက်မှုကြောင့် အရပ်သားပြည်သူ ၃၀ ဦး သေဆုံးခဲ့ပါသည်။ ထိုအထဲတွင် ကလေး ၃ ဦးနှင့် အမျိုးသမီး ၇ ဦး ပါဝင်ပါသည်။
- စစ်ကိုင်းတိုင်းတွင် သေဆုံးမှုဦးရေမှာ အများဆုံးဖြစ်ပြီး ၉ ဦး သေဆုံးခဲ့ပါသည်။ ရခိုင်ပြည်နယ်တွင် ၈ ဦး၊ ရှမ်းပြည်နယ်တောင်ပိုင်းတွင် ၄ ဦး၊ တနင်္သာရီတိုင်းတွင် ၃ ဦး၊ ကချင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ၂ ဦးစီ၊ မကွေးတိုင်းနှင့် မန္တလေးတိုင်းတို့တွင် ၁ ဦးစီတို့ ဖြစ်ပါသည်။
- လက်နက်ကြီးဖြင့်ပစ်ခတ်မှုကြောင့် သေဆုံးသူ ၇ ဦး၊ လေကြောင်းနှင့် ဒရုန်းဖြင့်တိုက်ခိုက်မှုကြောင့် သေဆုံးသူ ၁၈ ဦးတို့ ဖြစ်ပါသည်။

### မီးရှို့ဖျက်ဆီးမှုများ

မြန်မာနိုင်ငံရှိ မကွေးတိုင်းနှင့် စစ်ကိုင်းတိုင်းတို့တွင် စစ်ကောင်စီတပ်မီးရှို့သဖြင့် နေအိမ် ၃၁၀ လုံး မီးလောင်ပျက်စီးခဲ့ပါသည်။

### ဖမ်းဆီးခံရမှုများ

မြန်မာနိုင်ငံရှိ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတိုင်းတို့တွင် အောက်တိုဘာလ တတိယအပတ်အတွင်း အရပ်သားပြည်သူ ၁၇၅ ဦး ဖမ်းဆီးခံခဲ့ရသည်။ ဧရာဝတီတိုင်းတွင် ၅ ဦးနှင့် တနင်္သာရီတိုင်းတွင် ၁၇၀ ဦးတို့ ဖြစ်ကြပါသည်။

## လေကြောင်းမှ တိုက်ခိုက်မှုများ

မြန်မာနိုင်ငံရှိ ပြည်နယ်နှင့် တိုင်း ၈ ခုတွင် အောက်တိုဘာလ တတိယအပတ်အတွင်း စစ်ကောင်စီတပ်မှ လေကြောင်း တိုက်ခိုက်မှု ၇၈ ကြိမ်ပြုလုပ်ခဲ့ပါသည်။ စစ်ကိုင်းတိုင်းတွင် ၂၁ ကြိမ်၊ ရခိုင်ပြည်နယ်တွင် ၂၀ ကြိမ်၊ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ၁၅ ကြိမ်၊ မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ၇ ကြိမ်စီ၊ ချင်းပြည်နယ်နှင့် မကွေးတိုင်းတို့တွင် ၃ ကြိမ်စီ၊ ကချင်ပြည်နယ်တွင် ၂ ကြိမ်တို့ ဖြစ်ပါသည်။

## အောက်တိုဘာလ တတိယအပတ်အတွင်း ဖြစ်ပွားခဲ့သော တိုက်ပွဲများ

## တိုက်ပွဲနှင့် ထိခိုက်သေဆုံးမှု

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ တတိယအပတ်အတွင်း ဒရုန်းဖြင့်တိုက်ခိုက်မှုအပါအဝင် တိုက်ပွဲကြီးငယ် ပေါင်း ၅၄ ကြိမ် ဖြစ်ပွားခဲ့သည်။ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် တိုက်ပွဲအကြိမ်အရေအတွက် အများဆုံးဖြစ်ပြီး ၉ ကြိမ်စီ ဖြစ်ပွားခဲ့သည်။ ကရင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းတို့တွင် တိုက်ပွဲအကြိမ်အရေ အတွက် ဒုတိယများဆုံးဖြစ်ပြီး ၇ ကြိမ်စီ ဖြစ်ပွားခဲ့သည်။ တနင်္သာရီတိုင်းတွင် ၆ ကြိမ်၊ မန္တလေးတိုင်းတွင် ၅ ကြိမ်၊ ပဲခူးတိုင်းနှင့် ချင်းပြည်နယ်တို့တွင် ၃ ကြိမ်စီ၊ မကွေးတိုင်းတွင် ၂ ကြိမ်၊ ဧရာဝတီတိုင်း၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် ၁ ကြိမ်စီတို့ ဖြစ်ပါသည်။ ကရင်နီပြည်နယ်၊ ရှမ်းပြည်နယ် တောင်ပိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် တိုက်ပွဲဖြစ်ပွားခြင်း လုံးဝမရှိပါ။

အောက်တိုဘာလ တတိယအပတ်အတွင်း တိုက်ပွဲများတွင် စစ်ကောင်စီတပ်သား ၄၄ ဦး သေဆုံးခဲ့ပြီး တော်လှန်ရေးပူးပေါင်းတပ်ဖွဲ့မှ ၁၅ ဦး ကျဆုံးခဲ့ပါသည်။

## တစ်ပတ်အတွင်း စစ်ရေးဖြစ်ပေါ်တိုးတက်မှု

**KIA နှင့် ပူးပေါင်းတပ်ဖွဲ့များ၏ စစ်ဆင်ရေး**

- အောက်တိုဘာ ၁၇ ရက်တွင် ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့နယ်၊ ကန်ပိုက်တီမြို့မှ စစ်ကောင်စီလက်အောက်ခံ နယ်ခြားစောင့်တပ်(BGF) တပ်ရင်း(၁၀၀၃) ဌာနချုပ်ကို KIA က တိုက်ခိုက်သိမ်းပိုက်ခဲ့သည်။

- ကချင်ပြည်နယ်၊ ပန်ဝါမြို့နှင့် ၃ မိုင်ခန့်အနီးရှိ စစ်ကောင်စီ၏ ချန်းယင်ခူး ဂိတ်စခန်း၊ ကန်ပိုက်တီလမ်းပေါ် လဖိုင်နှင့် နယ်ခြားစောင့်တပ် နခတ-၁၀၀၃ ကြားရှိ ဒွန်ဘန်ခတံတား ဂိတ်စခန်းတို့ကို KIA က အောက်တိုဘာ ၁၇ ရက်တွင် တိုက်ခိုက် သိမ်းပိုက်လိုက်သည်။

- ကချင်ပြည်နယ်၊ ပန်ဝါမြို့ကို အောက်တိုဘာ ၁၉ ရက်မှာ KIA နဲ့ KPDF ပူးပေါင်းတပ်ဖွဲ့က အပြီးသတ် ရှင်းလင်း သိမ်းပိုက် နိုင်ခဲ့သည်။

- ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့၊ ကန်ပိုင်တည်နယ်စပ်ကုန်သွယ်ရေးဇုန်နှင့် ငါးမိုင်ခန့်သာ ကွာဝေးသည့် စင်ကြိုင်ရွာရှိ အမှတ် (၁၀၀၃) နယ်ခြားစောင့် တပ်စခန်းကုန်းကို KIA ဦးဆောင်သည့် ပူးပေါင်းမဟာမိတ်အဖွဲ့က အောက်တိုဘာ ၂၁ ရက်တွင် အပြီးသတ် တိုက်ခိုက်သိမ်းပိုက်လိုက်သည်။

**KNLA နှင့် ပူးပေါင်းတပ်ဖွဲ့များ၏ စစ်ဆင်ရေး**

- ကရင်ပြည်နယ်၊ မြဝတီမြို့တောင်ဘက် လေးကေ့ကော်မြို့အနီးရှိ စစ်ကောင်စီ၏ စွယ်တော်ကုန်းအား အောက်တိုဘာ ၁၇ ရက်တွင် KNLA နှင့် ကော်ဘရာစစ်ကြောင်း ပူးပေါင်းတပ်က သိမ်းပိုက်ရရှိခဲ့သည်။

- ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ မြဝတီ - ဝေါ်လေလမ်းပိုင်း ဘလယ်ဒိုကျေးရွာရှိ စစ်ကောင်စီတပ်၏ ကာကင်းစခန်း သုံးခုအား မဟာမိတ်ညီနောင်ပူးပေါင်းတပ်များက အောက်တိုဘာ ၂၀ ရက်တွင် သိမ်းပိုက်ရရှိခဲ့သည်။

**အောက်တိုဘာ ၁၅ ရက်မှ ၂၁ ရက်အထိ တစ်ပတ်အတွင်းရရှိသော သတင်းများအပေါ် အခြေခံထားပါသည်။**




| Data of Myanmar Conflict 15-21, October 2024 | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| **States** | **Clashes between SAC and PDF/EAOs** | **Air Strike** | **SAC's soldiers killed** | **PDF killed** | **Children killed** | **Civilians killed** | **Civilians arrested** | **Villages set on fire** | **Houses burned down** |
| **AYEYARWADY** | 1 | | | 1 | | | 5 | | |
| **BAGO** | 3 | | 8 | | | | | | |
| **CHIN** | 3 | 3 | | 2 | | | | | |
| **KACHIN** | 9 | 2 | | | | 2 | | | |
| **KAYIN** | 7 | | 4 | 1 | 1 | 1 | | | |
| **MAGWAY** | 2 | 3 | 1 | 4 | | 1 | | | 10 |
| **MANDALAY** | 5 | 7 | | 4 | | 1 | | | |
| **MON** | 1 | | 5 | 2 | | | | | |
| **RAKHINE** | 9 | 20 | | 1 | | 8 | | | |
| **SAGAING** | 7 | 21 | 14 | | | 9 | | | 300 |
| **SHAN (N)** | 1 | 15 | | | 2 | 2 | | | |
| **TANINTHARYI** | 6 | 7 | 12 | | | 3 | 170 | | |
| **TOTAL** | **54** | **78** | **44** | **15** | **3** | **27** | **175** | | **310** |

# Map of Myanmar Conflict ( October 15-21, 2024 )



## တစ်ပတ်အတွင်း နိုင်ငံရေးဖြစ်စဉ်

- ရုရှား-မြန်မာ ရေတပ်ပူးတွဲစစ်ရေးလေ့ကျင့်ဖို့အတွက် ရုရှားရဲ့ ပစိဖိတ်ဆိုင်ရာ ရေတပ်စစ်သင်္ဘောအုပ်စုမှ စစ်ရေယာဉ် (၃) စီးနဲ့ ထောက်ပံ့ရေးရေယာဉ် (၁) စီးတို့ ရန်ကုန်မြို့၊ သီလဝါဆိပ်ကမ်းကို အောက်တိုဘာ ၂၀ ရက်တွင် ရောက်ရှိလာခဲ့သည်။

**ကိုးကား - The Irrawaddy, RFA, Ayeyarwaddy Times, D Day News, Myanmar Pressphoto Agency,**

**Khit Thit Media, Narinjara, Mizzima, Myanmar Now, DVB, BBC, PVTV,**

**Than Lwin Times, Khonumthung Burmese, The Nation Voive.**